## July 1 (ဇူလိုင် ၁)

**အထက်ကာလ၌ သင်တို့သည် မှောင်မိုက်အတိ ဖြစ်ကြ၏ ယခုမူကား သခင်ဘုရား၌ အလင်း ဖြစ်ကြ၏။သို့ဖြစ်၍ အလင်း၏ သားကဲ့သို့ ကျင့်နေကြလော့။ သခင်ဘုရားနှစ်သက်တော်မူသောအရာသည် အဘယ်အရာ ဖြစ်သည်ကို သင်ကြလော့။ (ဧ ၅း၈ - ၁၀)**

သမ္မာတရားအားဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်အတွက် သီးခြား(သန့်ရှင်းခြင်း)ရှိလျှင် ‘သို့’ ကျွန်ုပ်တို့၏အလိုဆန္ဒသေခဲ့သော် ဘုရားသခင်၏ စိတ်သဘောယ(အလိုဆန္ဒ)သည် အတွေး၊ အပြော၊အပြုအမူ တို့၌ ကျွန်ုပ်တို့၏ အလိုဆန္ဒအဖြစ် အပြည့်အဝ ရှိလာလိမ့်မည်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ အခွင့်အလမ်းများ ငြင်းပယ်ခံရခြင်း ကျွန်ုပ်တို့သည် ဘယ်သောအခါမှ တရားမဟောခဲ့ခြင်း၊ ဆင်းရဲသားတို့အား ဘယ်တော့မှ မပေးခဲ့ခြင်း၊ သမ္မာတရားကိုထောက်ရှု၍ မာတုရအဖြစ် ဘယ်တော့မှ ဒုက္ခဆင်းရဲမခံစားရခြင်းပင်လျှင် ကျွန်ုပ်တို့သည် ဘုရားသခင်၏ အလိုတော် (အလိုဆန္ဒ)ကိုရရှိပြီး အောင်မြင်သောသူအဖြစ် ဆုကို ရရှိမည်ဖြစ်ပါသည်။ သင်၏ သီးခြားနေခြင်း (သန့်ရှင်းခြင်း) ဆက်ကပ်အပ်နှံခြင်းသည် ဘုရားသခင်၏ အလိုတော် ဖြစ်သည်ဟူသော ဤအချက်ကို ကျွန်ုပ်တို့အားလုံးကောင်းစွာ သတိပြုကြပါစို့ ။ ဤသမ္မာတရားအား မသဲကွဲမထင်ရှားအောင် မပြုလုပ်ကြပါစို့နဲ့။ အခြားသမ္မာတရားများနှင့် မှားယွင်းသောအရာများကိုလည်း မသိနားမလည်အောင်မပြုလုပ်ကြပါစို့နဲ့။ ဘဝအသက်တာမှ ကျွန်ုပ်တို့၏ လမ်းကြောင်းအား ဤသမ္မာတရားအား လွှမ်းမိုးရန် ခွင့်ပြုကြပါစို့။ ထိုအခါ ဘုရားသခင်၏ အလိုဆန္ဒသည် ကျွန်ုပ်တို့၏ အလိုဆန္ဒ အမှန်တကယ်ဖြင့် ဖြစ်လာပြီး အလွန်အရေးကြီးသော လမ်းတလမ်းကို ကျွန်ုပ်တို့၏ ရှေ့တွင်ရှင်းလင်းစွာ ရေးမှတ်ခဲ့ကြပြီး ဖြစ်ပါသည်။

*******

## July 2 (ဇူလိုင် ၂)

**နေရာမကျသောသူ၊ ကိုယ်လက်နှင့် ပင်ပန်းစွာလုပ်ဆောင်ရသောသူဖြစ်ကြ၏။ ကဲ့ရဲ့ခြင်းကို ခံရသောအခါ မေတ္တာပို့ကြ၏။ ညှင်းဆဲနှိပ်စက်ခြင်းကိုခံရသောအခါ သည်းခံကြ၏။ (၁ကော ၄း၁၂)**

သင်သည် သစ္စာရှိသော တပည့်တစ်ဦးဖြစ်လျှင် (ခရစ်တော်၏ကျောင်း၌) လွတ်ခြင်းနှင့် စပ်ဆိုင်သောစုံလင်သည့်တရားနှင့် ခရစ်တော်၏တရားသည် နှလုံးသားမှ ရည်ရွယ်ချက်များနှင့် အတွေးများကို ပိုင်းခြားသိမြင်နိုင်သည်ဟု သင်မြင်သည့်အထိ ကြန့်ကြာလိမ့်မည်မဟုတ်ပါ။ အပြစ်အားလုံးကို သင်သည် မုန်းရမည်ဖြစ်သော်လည်း မည်သည့် အပြစ်သားကိုမှ သင်သည် မမုန်းနိုင်ပါ။ သင်၏ နှလုံးသား ၌ စုံလင်စေတော်မူသော် ဘုရားသခင်၏ မေတ္တာရှိသော်လည်း ခါးသီးသော ခံစားချက်တစ်ခုအဖြစ် ဆန့်ကျင်သောသူများနှင့် ဒုက္ခပေးရန် ဆန္ဒကြီးမားသောသူများ ပေါ်ထွက်လာခဲ့လျှင်ပင်၊ ၄င်းကိုတွန်လှန်ရန်ကြိုးစားအားထုတ်ရမည် ဖြစ်ပါသည်။ “သင်၏ ရန်သူတို့ကို ချစ်ကြလော့ သင်တို့ကို ကျိန်ဆဲသောသူတို့အား မေတ္တာပို့ကြလော့။ သင်တို့ကို မုန်းသောသူတို့အား ကျေးဇူးပြုကြလော့။ သင်တို့ကို နှောင်ရှက်ညှင်းဆဲသော သူတို့အဘို့ ဘုရားသခင်ကို ဆုတောင်းကြလော့” ဟူသော ကျွန်ုပ်တို့၏ ကြီးမြတ်တော်မူသော သခင်၏ ညွှန်ကြားချက်များနှင့်အညီ ကျွန်ုပ်တို့၏အကျင့်စာရိတ္တများအပေါ် ရရှိခဲ့သော ပြည့်စုံသည့် အောင်မြင်မှုတစ်ခုသည်ချိုမြိန် ခြင်း၌ရှိလိမ့်မည် ဖြစ်ပါသည်။

## July 3 (ဇူလိုင် ၃)

**ငါသည် ထာဝရဘုရားကို အစဉ်မပြတ်မျက်မှောက်ပြု၏။ အကြောင်းမူကား ငါ့လက်ျာဘက်၌ တည်ရှိတော်မူသည်ဖြစ်၍ ငါသည်လှုပ်ရှားခြင်းမရှိရ။ (ဆာ ၁၆း၈)**

မိမိ၏အလိုဆန္ဒကို ဘုရားသခင်၏ အလိုတော်ထဲသို့ ပြည့်ဝစွာ နစ်မြုပ်ခဲ့သောသူသည် စိတ်ပျက်ခြင်းကို မသိနိုင်ပါ သို့သော် သူ့ဘဝ၏ အငန်းအတာတိုင်း၌ ဘုရားသခင်နှင့် စပ်ဆိုင်တော်မူသော ချိန်းဆိုချက်များနှင့် ကြီးကြပ်မှုများကို ယုံကြည်ခြင်းအားဖြင့် သူသည်မြင်ပြီး၊ “ဘုရားသခင်ကို ချစ်သောသူတည်းဟူသော ကြံစည်တော်မူခြင်းအတိုင်း ခေါ်တော်မူသော သူတို့၏ အကျိုးကို ခပ်သိမ်းသောအရာတို့သည် တညီတညွတ်တည်း ပြုစုကြသည်ကို ငါတို့သိကြ၏” ဟု ဘဝ၏ အငန်းအတာအားလုံးတို့ ၌ သူ့အား အခိုင်အမာပြောထားသော ဘုရားသခင်၏ နုတ်ကပတ်တော်ကို သူသည်ကြားပါသည်။ ဘုရားသခင်အား ကျွန်ုပ်တို့၏ ဉာဏ်ရှိသမျှ ချစ်ခြင်းအားဖြင့် ကျွန်ုပ်တို့အား တိုင်းတာရန် ဆုံးမသွန်သင်ခြင်းနှင့်ဆိုင်သော အတွေ့အကြုံမှ အစိတ်အပိုင်း တခု အဖြစ် ကျွန်ုပ်တို့သည် ကြီးစွာသောရန်သူ၊ လောကနှင့် မိမိ၏ဇာတိမှ ဆန့်ကျင်မှုများကို စိတ်ရှည်သီးခံစွာ ၊ ကျေနပ်စွာ၊ မညီတွားဘဲ ဝမ်းမြောက်စွာ ခံယူနိုင်သောအချိန်သည် နှလုံးသား၏ တိုးတက်ခြင်း အခြေအနေသို့ရောက်ရှိခြင်းနှင့် စပ်ဆိုင်သော သက်သေများထဲမှ တခုဖြစ်ပါသည်။

## July 4 (ဇူလိုင် ၄)

**ငါတို့ဟောပြောသော သတင်းစကားကို အဘယ်သူယုံသနည်း၊ ထာဝရဘုရား၏ လက်တော်သည် အဘယ်သူအား ထင်ရှားတော်မူသနည်း။ (ဟေရှာ ၅၃း ၁)**

ယခုလက်ရှိအချိန်ကာလ၌ အသင်းတော်အားခေါ်ခြင်းသည် အလင်းကိုထွန်းလင်းရန်ဖြစ်ပြီး ဤအကြောင်းကြောင့် ညှင်းပန်းနှိပ်စက်ခြင်းကို ညှင်းပန်းနှိပ်စက်သူတို့နှင့် လူအပေါင်းတို့အား သီးခံခြင်း ညီအစ်ကိုချင်းချစ်ခြင်း ကရုဏာမေတ္တာ၌ မှန်ကန်စွာပြုမူလုပ်ဆောင်ရန်အတွက် ဖြစ်ပါသည်။ ဆုကိုမြင်သောသူနှင့်ကျွန်ုပ်တို့သခင် ယေရှုခရစ်တော်၏ မျက်နှာ၌ ထွန်းလင်းသော ဘုရားသခင်၏ ဘုန်းအသရေ၏ အလင်းကိုမြင်တွေ့သောသခင် အားလုံးတို့သည် ခမည်းတော်ဘုရားသခင်၏ နည်းဥပဒေသများ၊ ခေါ်တော်မူခြင်းနှင့် ‘အစေခံခြင်း’ကို သစ္စာရှိကြပါစို့။ လူတွေကြားသည်ဖြစ်စေ ဆီးတားသည်ဖြစ်စေ၊ကျွန်ုပ်တို့အား သူတို့သည် မကောင်းထင်သည်ဖြစ်စေ၊ မကောင်းပြောသည်ဖြစ်စေ၊ အားမလျော့ပါနှင့်၊ စိတ်ပျက်ခြင်းမရှိပါနှင့်။ စစ်ကြောခြင်း၏အဆုံး၌ သူ၏ ရတနာများကို သူသည် စုစည်းသောအခါ ကျွန်ုပ်တို့၏ မှတ်တမ်းအား ဘုရားသခင်ကိုယ်တော်တိုင်ထံသို့ ပြန်လည် ပေးအပ်ခြင်းခံမည်ကို သတိရမှတ်မိကြပါစို့။

## July 5 (ဇူလိုင် ၅)

**ငါတို့စစ်တိုက်၍ သုံးစွဲသောလက်နက်သည် ဇာတိပကတိ လက်နက်မဟုတ်။ ဘုရားသခင်၏ တန်ခိုးတော်အားဖြင့် မြို့ရိုးမြို့ပြတို့ကို ဖြိုဖျက်နိုင်သော လက်နက်ဖြစ်၏။ ထိုလက်နက်အားဖြင့် လူတို့၏ အကြံအစည်တို့ကိုင်၊ ဘုရားသခင်ကို သိသောပညာကို ဆီးတားသော မာန်မာနရှိသမျှတို့ကိုင်၊ နှိမ့်ချ မှောက်လှန်၍၊ ခပ်သိမ်းသောစိတ်တို့ကို ဘမ်းသွားချုပ်ထားလျက်၊ ခရစ်တော်၏ စကားကို နားထောင်စေကြ၏။ (၂ ကော ၁၀း၄ ၊ ၅)**

ဘုရားသခင်ရှေ့မှောက်တွင် လက်ခံခြင်း၏ ပထမဆုံး အခြေအနေသည် သူ၏ နှုတ်ကပတ်တော်ကို သစ္စာရှိသော နာခံခြင်း၊ သူ့အားချစ်ခြင်းနှင့် စပ်ဆိုင်သောသက်သေနှင့် သူ၌ယုံကြည်ခြင်းဖြစ်သည်ကို ကျွန်ုပ်တို့သတိရမှတ်မိကြပါစို့။ ကျွန်ုပ်တို့ထံ၌ သူရှာဖွေလိမ့်မည်ဖြစ်သော ဒုတိယ အရည်အချင်းမှာ ညီအစ်ကိုတို့ကိုချစ်ခြင်း၊ သူ၏ လမ်းများ၌လျှောက်ရန် ရှာဖွေလျက် အမှန်တကယ် ဆက်ကပ်အပ်နှံသော ဘုရားသခင်၏ သားသမီးများ၊ အစစ်အမှန်ဖြစ်ကြသော သူတို့ကိုယ်စား အသေခံရန်၊ ဒုက္ခဆင်းရဲခံရန် ၊လုပ်ဆောင်ရန်အတွက်အဆင်သင့်ရှိခြင်းကိုလည်း သတိရအောက်မေ့ကြပါစို့ ။

## July 6 (ဇူလိုင် ၆)

**အကြင်သူသည် ထာဝရဘုရားကို ကြောက်ရွံ့တတ်၏။ ထိုသူအားနှစ်သက်ဘွယ်သောလမ်းကို ပြည္ဆွန်တော်မူမည်။ (ဆာ ၂၅း ၁၂)**

ကျွန်ုပ်တို့၏ ပတ်ပတ်လည်တွင်ရှိနိုင်သော စစ်ကြောခြင်းများနှင့် ခက်ခဲမှုများကို ကြီးကြပ်ကွပ်ကဲဖို့ရန်သည်ကျွန်ုပ်တို့အတွက်မဟုတ်ပါ။ ဘုရားသခင်ထံ ကျွန်ုပ်တို့ကိုယ်တိုင်၏ ချန်ခြွင်းမထားသော (မကန့်သတ်ထားသော) ဆက်ကပ်အပ်နှံခြင်းတစ်ခုကို ပြုလုပ်ရန်နှင့် ကျွန်ုပ်တို့၏ စစ်ကြောခြင်းများနှင့် အနှောက်အယှက်များသည် မည်မျှလောက်ကြီးမြတ်မှုရှိလိမ့်မည်နှင့် သူ၏ဦးဆောင်မှုနောက်သို့လိုက်ခြင်း၌ ကျွန်ုပ်တို့၏ ယဇ်ပူဇော်ခြင်းများသည် မည်မျှလောက်ကြီးမြတ်သည်ကို ဆုံးဖြတ်ဘို့ရန် သူ့အားတာဝန်ယူစေရန်သည် ကျွန်ုပ်တို့အတွက်ဖြစ်ပါသည်။ အချို့သောသူတို့သည် အခြားသူများထက် အထူးစစ်ကြောခြင်းများ လိုအပ်သည်ကို ဘုရားသခင်သိမြင်နိုင်ပါသည်။ အချို့သော သူတို့ထံသို့လာသော ထိုစစ်ကြောခြင်းများသည် ကြီးစွာသော စစ်ကြောခြင်းများနှင့် ကြီးစွာသော ယဇ်ပူဇော်ခြင်းများကို ရည်ညွှန်းလိမ့်မည်ဖြစ်ပြီး အခြားသူတို့အတွက်မူ ဘုရားသခင်နှင့်သူ၏ အမှုကိစ္စအတွက် ကြီးစွာသော ချစ်ခြင်းမေတ္တာရှိခြင်း၊ အစေခံခြင်းအတွက် ကြီးစွာသော စိတ်အားထက်သန်မှုရှိသောကြောင့် “ယခုဇာခံရ၍ ပေါ့ပါးသောဆင်းရဲခြင်း ဒုက္ခသည် အတိုင်းထက်အလွန်ကြီးမြတ်လေးလံသော နိစ္စထာဝရ ဘုန်းအသရေကို ငါတို့အဘို့ဖြစ်စေတတ်၏” ဟုမိမိကိုယ်ပိုင်တွေ့အကြုံအား တမန်တော်ရှင်ပေါလုမှ ဖေါ်ပြထားသကဲ့သို့ ယဇ်ပူဇော်ခြင်း ဖြစ်နိုင်ပါသည်။

## July 7 (ဇူလိုင် ၇)

**ယေရှုကြွတော်မူသည်ကိုမြင်လျှင် ဘုရားသခင်၏ သိုးသငယ်ကို ကြည့်လောဟု ဆို၏။ (ယော ၁း၃၆)**

ဘုရားသခင်၏အစေခံအားလုံးတို့သည် သူတို့ကိုယ်သူတို့ အာရုံစိုက်ဖို့မဟုတ်ဘဲ သခင်ဘုရားထံ အာရုံစိုက်သင့်ပါသည်။ ကိုယ်အတွက်သာကိုယ်ရှာဖွေခြင်းမဟုတ်ဘဲ ဘုရားသခင်၏ သိုးသငယ်အား လူတို့ကို ညွှန်ပြခြင်းအတွက် ကျွန်ုပ်တို့၏ခွန်အားအစွမ်းသတ္တိတို့ကိုအယောက်တိုင်း အသုံးပြုကြပါစို့။ မည်သည်နေရာပဲတွေ့တွေ့ အတော်အသင့်ပြုမူ လုပ်ဆောင်ခြင်းသည် ရတနာတပါးဖြစ်ပြီး ဆက်ကပ်အပ်နှံထားသော သူအယောက်တိုင်း ကြီးမားစွာ တိုးတက်ပြီး ကောင်းစွာ အရောင်တင်ခြင်းရှိရန် ရှာဖွေသင့်သော ဝိညာဉ်တော်၏ ကျေးဇူးထဲမှတပါးဖြစ်ပါသည်။

အကောင်းဆုံးသဘောတရား၌ ခရစ်တော်နောက်သို့လိုက်ခြင်းဆိုသည်မှာ သူ၏လမ်းများ၌လျှောက်ခြင်းဒီကနေ့ သူသည်မည်သည့်အရာလုပ်ဆောင်လိမ့်မည်ဆိုတာကိုဖြစ်နိုင်သမျှအတိုင်း အနီးစပ်ဆုံး လုပ်ဆောင်ရန်ကြိုးပမ်းခြင်း၊ သူ၏ဆင်းရဲဒုက္ခ၌ မိတ်သဟာရဖွဲ့ခြင်း၊ ဘုန်းအသရေသို့ သွားရာလမ်းနှင့် သူ၏နိုင်ငံတော်၌အတူတကွ အမွေခံခြင်းနှင့်စပ်ဆိုင်သောလမ်းနှင့်ပတ်သက်၍ သူလုပ်ဆောင်ခဲ့သော၊ သူကိုယ်တိုင်ပြောခဲ့သော၊ တမန်တော်များအားဖြင့် ကျွန်ုပ်တို့အတွက်ထားခဲ့သော ညွှန်ကြားခြင်းများမှ ကျွန်ုပ်တို့အတွက်သင်ခန်းစာကိုယူခြင်းတို့ဖြစ်ပါသည်။

× × × × ×

## July 8 (ဇူလိုင် ၈)

**ထိုအိမ်တော်ကား အသက်ရှင်တော်မူသော ဘုရားသခင်၏အသင်းတော်ဖြစ်၏။ထိုအသင်းတော်အား သမ္မာတရား၏ အမှီတကဲဖြစ်၏။သမ္မာတရား၏တည်ရာလည်းဖြစ်၏။ (၁တိ ၃း၁၅)**

ကိုယ်(သို့)အသင်းတော်ဟူသောအမည်သည် တပါးတည်းဖြစ်သော ယေရှုခရစ်အသင်းတော်အတွက် သင့်လျော်စွာ ဆက်နွယ်ပတ်သက်နေပြီး၊ ဤလောက၏ချမ်းသာကြွယ်မှု၌ အလွန်တန်ဖိုးမရှိပါ၊ အလွန် လူအထင်ကြီးစေရန် ကြွယ်ဝမှုနှင့်အရေးပါမှုကိုမပြသပါ၊ သာလွန်ဆင်းရဲပါသည်။ ထို့ကြောင့် လောကီဆိုင်ရာအမြင်ရှုထောင့်မှ အသိအမှတ်မပြုနိုင်သလို အသိအမှတ်ပြုခြင်းလည်းမခံရပါ။ ဤအသင်းတော်သည် လူအားဖြင့်မဟုတ်၊ လူ၏နည်းလမ်းအားဖြင့်မဟုတ်သလို ၎င်း၏သင်းဝင်များသည် မြေကြီး၌ စာရင်းဝင်ရောက်ခြင်းမရှိဘဲ ကောင်းကင်၌စာရင်းဝင်သောသူများဖြစ်ကြပါသည်။ (ဟေ ၁၂း၂၃) ၎င်း၏ ဦးခေါင်းနှင့် သင်းအုပ်သည် သခင်ဘုရားဖြစ်ပြီး ၎င်း၏တရားသည် သူ၏နှုတ်ကပတ်တော်ဖြစ်ပါသည်။ ဤအသင်းတော်တွင် သခင်တပါး၊ယုံကြည်ခြင်းတပါး၊ ဗတ္တိဇံတပါး၊ သာရှိပြီး ၎င်းကို သန့်ရှင်းသော တမန်တော်များနှင့် ပရောဖက်တို့၏ သက်သေခံချက်များအပေါ်တွင် တည်ဆောက်ထားပါသည်။ ယေရှုခရစ်ကိုယ်တိုင်သည် ဤအသင်းတော်၏ ထိပ်ထောင့်ကျောက်အဖြစ်တည်ရှိလျက်နေပါသည်။

× × × × ×

## July 9 (ဇူလိုင် ၉)

**သိုးများကို ထုတ်သောအခါ သိုးတို့ရှေ့မှာသွား၍ သိုးများသည် သူ၏စကားသံကို ကျွမ်းသောကြောင့် လိုက်တတ်ကြ၏။ (ယော ၁၀း၄)**

ကောင်းသော သိုးထိန်း၏အသံသည် အခြားအသံအားဖြင့် လိုက်ဖက်ခြင်းမရှိသော အနေအထား၌ အမျိုးမျိုးသောအသံများနှင့်ရောထားသောအသံတသံဖြစ်ပါသည်။ သူ၏အသံသည် ချစ်ခြင်းမေတ္တာ၏သံစုံနှင့် အတူရောစပ်ထားသော တရားသဖြင့်စီရင်ခြင်းသံစုံကို ထွက်စေပါသည်။ ပညာနှင့်အတူ၊ တန်ခိုးတော်နှင့်အတူ၊ အပြည့်အစုံပြောပါသည်။ ကြီးမြတ်တော်မူသော သိုးထိန်းသည် သူ၏သားတော်အားဖြင့် ကျွန်ုပ်တို့အားပေးခဲ့တော်မူသော သတင်းစကားတွင် ညီညွတ်မှုရှိသကဲ့သို့ လူတို့နှင့်မာနတ်တို့မှ အခြားသီအိုရီများ၊ အကြံအစည်များနှင့်စနစ်များတို့တွင် ထိုကဲ့သို့သော ညီညွတ်သောအသံမရှိပါ။ ထို့အပြင် စစ်မှန်သော သိုးသည် ကောင်းသော သိုးထိန်း၏အသံကို ကြားသောအခါ ဒွိအပြင် လုပ်ဆောင်နိုင်စရာဘာမျှမရှိသကဲ့သို့ သူတို့၏ ဆာငတ်မှုများကို ကျေနပ်စေပါသည်။ အခြားအသံများ၊ သီအိုရီများ (သို့) စနစ်များအားဖြင့်ဆွဲဆောင်ခံရခြင်း အန္တရာယ်၌ သူတို့သည် ရှိတော့မည်မဟုတ်ပါ၊ သခင်ယေရှုသည် ကျွန်ုပ်တို့အားကျေနပ်စေခဲ့ပြီ။ သခင်ယေရှုသည် ကျွန်ုပ်၏ ပိုင်ဆိုင်ရာဖြစ်ပါသည်ဟု အားလုံးကို တုံ့ပြန်လိမ့်မည်ဖြစ်ပါသည်။

× × × × ×

## July 10 (ဇူလိုင် ၁၀)

**ထိုသူအပေါင်းတို့သည် ကိုယ်တော်ကိုဝန်ခံ၍၊ တင့်တယ်လျောက်ပတ်သော နှုတ်ထွက်စကားကို အံ့ဩချီးမွမ်းလျက်၊ ဤသူသည် ယောသပ်၏ သားမဟုတ်တုံလောဟု ဆိုကြ၏။ (လု ၄း၂၂)**

သခင်၏ခြေတော်ရာနောက်သို့လိုက်ကြသောသူအားလုံးတို့နှင့်အတူ ဖြစ်နိုင်သမျှအတိုင်း ဤအရာသည် မှန်ကန်သင့်သောအရာဖြစ်ပါသည်။ သူတို့၏ နှုတ်ထွက်စကားပြောဆိုခြင်းများသည် ကျေးဇူးတော်နှင့်၄င်း၊ ကျိုးကြောင်းဆီလျော်၍ အသင့်အတင့်ဖြစ်ခြင်းနှင့်၄င်း၊ သမ္မာတရားနှင့် သမ္မာတရားကို ချစ်လျက်ရှာဖွေကြသောသူအားလုံးတို့အတွက် ကိုယ်ချင်းစာနားလည်ပေးသည့် ပြည့်ဝသော ချစ်ခြင်းမေတ္တာပြသခြင်းအား နှလုံးသားများထဲမှ စီးဆင်းလာခြင်းနှင့်အတူ ရှိသင့်ပါသည်။ သူတို့၏ စကားများသည် ကျိုးကြောင်းစီလျော်ခြင်းနှင့် ဖြောင့်မတ်ခြင်းနှင့်စပ်ဆိုင်သောကန့်သတ်မှုအတွင်း၌သော်၄င်း၊ ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် တိကျစွာ သဘောတူညီမှု၌၄င်း ကောင်းစွာအမြဲတမ်းရှိသင့်ပါသည်။ အသက်ရှင်သော စာများကဲ့သို့ သူတို့၏အပြုအမူ၊ သူတို့၏ စီမံလုပ်ဆောင်မှုတို့သည် ဤအရာများနှင့်အတူ ညီညွတ်မှုရှိသင့်ကြပါသည်။ သို့ဖြစ်၍ သူတို့သည် သခင်ယေရှုနှင့်အတူရှိပြီး၊ သူထံမှ လေ့လာသင်ယူနေကြသူများဖြစ်သည်ဟု သူတို့၏ရန်သူများပင်လျှင် အံ့ဩသိမှတ်ကြလိမ့်မည်ဖြစ်ပါသည်။

× × × × ×

## July 11 (ဇူလိုင် ၁၁)

**ဘုရားသခင်၏ သားဖြစ်သမျှသော သူတို့သည် ဒုစရိုက်ကို မပြုတတ်သည်ကို ငါတို့သိကြ၏။ဘုရားသခင်**

**ဖစ်ဘွားစေတော်မူသော သူသည် မိမိကိုမိမိစောင့်ရှောက်သဖြင့် မာနတ်သည် ထိုသူကိုမထိခိုက်နိုင်ရာ။ (၁ကော ၅း၁၈)**

ဘုရားသခင်နှင့်ဖြောင့်မတ်ခြင်းနှင့်အတူ ညီညွတ်မှု၌ နှလုံးသား(စိတ်၊ ဆန္ဒ)သည် စင်ကြယ်နေသမျှကာလပတ်လုံး(သို့)ကျွန်ုပ်တို့အား အစပြုဖြစ်ဘွားခြင်း၏ မျိုးစေ့၊ စင်ကြယ်ခြင်းနှင့် စပ်ဆိုင်သော စိတ်သဘောသည် ကျွန်ုပ်တို့၌ ဆက်လက်တည်ရှိနေသမျှကာလပတ်လုံး အသစ်သောစိတ်သဘောသည် အပြစ်ကိုမချဉ်းကပ်နိုင်ပါ။ သို့သော်အပြစ်ကို ဆန့်ကျင်လိမ့်မည်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ကျဆင်းနေသောအင်္ဂါ များ နှင့် အားနည်းသော လူ့သဘောသဘာဝ၊ သူတို့၏တပ်မက်ခြင်းနှင့် အလိုဆန္ဒများနှင့်အတူ တိုက်ခိုက်သော တိုက်ပွဲများ များစွာရှိသော်လည်း၊ အသစ်သောသတ္တဝါများအဖြစ် ကျွန်ုပ်တို့သည် ဇာတိအသွေးအသားမှ သီးခြားဖြစ်လျက် ကွဲပြားခြားနားကြပါသည်။ ဇာတိအသွေးအသားမှ အားနည်းချက်များနှင့် မစုံလင်ခြင်းတို့မှာ ခရစ်တော်၌ အသစ်သောသတ္တဝါတို့အတွက် မဆိုင်ပါ။ ကျွန်ုပ်တို့သခင်၏ ရွေးနုတ်သော ယဇ်ပူဇော်ခြင်း၏ ကျေးဇူးပြုခြင်းအောက်၌ ဖုံးအုပ်ထားသော၊ ဝှက်ထားသောအရာများအဖြစ် ထင်မှတ်ထားပါသည်။

× × × × ×

## July 12 (ဇူလိုင် ၁၂)

**ထို့ကြောင့်သားသည် သင်တို့ကို လွှတ်လျှင် သင်တို့သည် စကေန်အမှန် လွှတ်ကြလိမ့်မည်။(ယော ၈း၃၆)**

သူ၏တပည့်တော်များဖြစ်ရန် ခပ်သိမ်းသောအရာ၌ ကြီးမြတ်တော်မူသောဆရာ၏ စကားကို သတိပြုကြလျက်ဆက်လက်တည်ကြည်သော စစ်မှန်သောတပည့်တော်တို့သည် ယုံလောက်သော သက်သေမရှိဘဲ အယုံလွယ်ခြင်း(ကံကောင်း၊ ကံဆိုး၊ ကိုဖြစ်စေသည်ဟူသော ယုံကြည်ချက်(သို့)တရားနု)၊ မသိနားမလည်ခြင်း(မသိပညာမရှိခြင်း)မှ လွတ်စေရုံသာမက အပြစ်၏အစေခံခြင်းမှလည်း လွတ်စေပါသည်။ သူတို့၏ကိုယ်ပိုင်ပကတိဆိုင်ရာအားနည်းချက်များနှင့် အပြစ်အနာအဆာများကို မှန်ကန်စွာ အသိအမှတ်ပြုခြင်းနှင့် ဘုရားသခင်နှင့်ဆိုင်သောစိတ်သဘော(သမ္မာတရား)ကိုလက်ခံရရှိကြပါသည်။ ရလဒ်၌ သူတို့၏လွတ်ခြင်းသည် သူတို့အားနာကျင်စေခြင်းအစား ကောင်းကြီးမင်္ဂလာဖြစ်သောအရာတပါး၊ မာနနှင့်ဝါကြွားထောင်လွှားခြင်းအစား နှိမ့်ချခြင်းကို ယူဆောင်ပေးသောအရာတပါးအဖြစ်၄င်း၊ အမျက်ဒေါသအစား သီးခံခြင်းကိုဆောင်ယူလာသောအရာတပါး မကြင်နာခြင်းနှင့် တကိုယ်ကောင်းဆန်ခြင်းအစား ရက်ရောခြင်းနှင့် ချစ်ခြင်းမေတ္တာကိုယူဆောင်လာသောအရာတပါး၊ မကျေနပ်ခြင်းနှင့်ခါးသီးခြင်းစိတ်သဘောအစား ဝမ်းမြောက်ခြင်းနှင့် ငြိမ်သက်ခြင်းကိုယူဆောင်လာသော အရာတပါးဖြစ်ပါသည်။ သားတော်တပါးတည်းသာလျှင် ကျွန်ုပ်တို့အား အမှန်တကယ်လွတ်ခြင်းအခွင့်ကိုပြုလုပ်ပေးနိုင်သောသူဖြစ်ပါသည်။

× × × × ×

## July 13 (ဇူလိုင် ၁၃)

**ဤအမှုသည် အံ့ဩဘွယ်ဖြစ်သည်မဟုတ်၊ စာတန်ပင်လျှင် လင်းသောကောင်းကင်တမန်ဖြစ်ယောင်ဆောင်တတ်၏။ သို့ဖြစ်၍ သူ၏ဆရာတို့သည်လည်း ဖြောင့်မတ်ခြင်းတရားကို ဟောသောဆရာဖြစ်ယောင်ဆောင်လျှင်၊ အဘယ်ဆိုဘွယ်ရှိသနည်း။ သူတို့သည် ကိုယ်ကျင့်သောအကျင့်အတိုင်းနောက်ဆုံး၌ အကျိုးအပြစ်ကိုခံရ**

**ကြလတံ့။ (၂ကော ၁၁း၁၄-၁၅)**

ကောင်းသောအလုပ်တခုကို လုပ်ဆောင်ခြင်း၌ စာတန်သည် မည်ကဲ့သို့စိတ်ဝင်စားနိုင်ပါသနည်း။ ဟုမေးခဲ့သော် စာတန်သည် လင်းသောကရုဏာရှိသော ကောင်းကင်တမန်ဖြစ်ယောင်ဆောင်လျက် လောကအား အလင်းသို့ ပို့ဆောင်ရန်မဟုတ်ပါ။ ခရစ်တော်၏ကားတိုင်သို့ ပို့ဆောင်ရန်မဟုတ်ပါ။ သမ္မာကျမ်းစာသို့ ပို့ဆောင်ရန်မဟုတ်ပါ သို့သော် ဤအရာများမှ အဝေးသို့ပို့ဆောင်ရန် ကယ်တင်ခြင်းနှင့် စပ်ဆိုင်သော အခြားသောမျှော်လင့်ခြင်းသို့ ပို့ဆောင်ရန်နှင့် အခြားသောဆရာထံသို့၎င်း၊ လှည့်ဖြားခြင်းသို့၎င်း (ဖြစ်နိုင်မည်ဆိုလျှင် ရွေးချယ်တော်မူသောသူများကို) ပို့ဆောင်ရန်အတွက်ဖြစ်သည်ဟု ကျွန်ုပ်တို့ ဖြေရမည်ဖြစ်ပါသည်။ စာတန်သည် စာတန်ကိုနှင်ထုတ်လျက် ရောဂါများကို ငြိမ်းလိမ့်မည်ဖြစ်သော ဤအခြေအနေသို့ ရောက်လာသောအချိန်ကို ရည်ညွှန်းသော သခင်ယေရှု၏ စကားတော်ကိုလည်း သတိရမှတ်မိကြပါ။ဤအခြေအနေသည် သူ၏ ပလ္လင်သည် ကျဆင်းရန်အားနည်းနေသည့် သိသာသောအမှတ်လက္ခဏာတစ်ခုဖြစ်ပါသည်။ လှည့်ဖြားရန် စာတန်၏အားထုတ်မှု၏ နောက်ဆုံးပြင်းထန်သော အဆင့်ဟူ၍ ပြောရမည်ဖြစ်ပါသည်။

## July 14 (ဇူလိုင် ၁၄)

**ခပ်သိမ်းသော စိတ်တိုခြင်း ၊စိတ်ဆိုးခြင်း၊အမျက်ထွက်ခြင်း၊ အော်ဟစ်ငေါက်ငေါက်ခြင်း၊ သူ့အသရေပျက်အောင်ပြောဆိုခြင်း တို့ကို၎င်း၊ ခပ်သိမ်းသောမနာလိုခြင်းကို၎င်း၊ သင်တို့မှပယ်ရှားကြလော့။ (ဧ ၄း၃၁)**

ဘုရားသခင်၏တရားကို အသိအမှတ်ပြုခြင်း၌ သူ၏မြင့်သောရှုထောင့်မှ မုန်းတီးခြင်းသည် လူကိုသတ်ခြင်း၊ သူ့အသရေပျက်အောင်ပြောဆိုခြင်းသည် လုပ်ကြံခြင်း၊ အိမ်နီးချင်း၏ကောင်းသော နံမည်ကိုဖျက်စီးခြင်းသည် အကြမ်းဖက်လုယူခြင်း၊ ဖျက်ဆီးခြင်းဖြစ်သည်ဟု ဘုရားသခင်၏အမြင်၌ ရှေးခရစ်ယာန်တို့သည်မြင်ကြပါသည်။ ဘုရားသခင်၏ လူတို့အကြား၌သော်၎င်း၊ အသင်းတော်၌သော်၎င်း၊ ဤအရာများထဲမှ တစုံတရာကို ပြုလုပ်ခြင်းသည် ညီအစ်ကိုတဦးအား နှစ်ဆသောအကြမ်းဖက်ခြင်းနှင့် လုပ်ကြံခြင်းဖြစ်ပါသည်။“လူတို့အား မကောင်းမပြောနဲ့”ဟူသော ဤစည်းမျဉ်းကသာလျှင် မကောင်းမှုနှင့်ပတ်သက်၍သိရန်ပြုလုပ်ခြင်းအတွက် လုံးဝမဖြစ်မနေလိုအပ်ခြင်းကို ကျွန်ုပ်တို့သိနိုင်သောနေရာဖြစ်ပါသည်။ဆိုးညစ်ခြင်းနှင့်ဆက်နွယ်သောနေရာသည် ကျွန်ုပ်တို့၏နှလုံးသားအလိုဆန္ဒများကို ဆန့်ကျင်လိမ့်မည်ဖြစ်ပါသည်။ဤအရာများကိုဖော်ပြထားခြင်းသည် မဖြစ်မနေလိုအပ်သောကြောင့်ဖြစ်သလို၊ အခြားသူတို့အား ချစ်ရမည်ဖြစ်သောကြောင့်လည်းဖြစ်ပါသည်။ အကယ်၍မဖော်ပြခဲ့သော်-အခြားသူတို့အား နာကျင်ခံစားစေမည်ဖြစ်ပါသည်။

## July 15 (ဇူလိုင် ၁၅)

**သူတပါးကို ငါကျွေးမွေး၍ ဥစ္စာရှိသမျှကို စွန့်ကြသည်သာမက ကိုယ်ခန္ဓာကို မီးရှို့စေခြင်းငှာ အပ်သော်လည်း မေတ္တာမရှိလျှင် ငါ၌အကျိုးမရှိ။ (၁ကော ၁၃း၃)**

အခြားသူတို့အား ကျွန်ုပ်တို့၏ပြုမူလုပ်ဆောင်ခြင်း၌ ငွေသည်လူတို့အလွန်အမင်းလိုအပ်လျက်ရှိသော အရာတခုတည်းမဟုတ်ကြောင်းကို ကျွန်ုပ်တို့သည် မမေ့ကြဖို့ရန်ဖြစ်ပါသည်။ငွေလိုအပ်မှုမရှိကြသော အချို့တို့သည် မေတ္တာနှင့်စာနာနားလည်ပေးမှုလိုအပ်ပါသည်။ကျွန်ုပ်တို့၏သခင်သည် ဤသူတို့ထဲမှတဦးဖြစ်ခဲ့ပါ

သည်၊ချစ်ခြင်းမေတ္တာနှင့်ပြည့်ဝလျက်ရှိသော သူ၏နှလုံးသားသည်၊ သူ၏တမန်တော်များထဲတွင် ပြသခဲ့သော ကျဆင်းလျက်ရှိသည့် လူသားမျိုးနွယ်မှ အမြင့်မြတ်ဆုံးသောသူတို့၌ပင်လျှင် အနည်းနှင့်အများ ရွံရှာမုန်းတီးဘွယ်ကောင်းသော စိတ်သဘောတို့၌အဖေါ်အဖြစ် အနည်းငယ်သာတွေ့ရှိခဲ့ပါသည်။သို့သော် အားဆေးတခုအတွက်၄င်း၊ ပြန်လည်သန်မာစေခြင်းအတွက်၄င်း၊ လန်းဆန်းခြင်းအတွက်၄င်း၊ ချိုမြိန်သောအမွှေးအကြိုင်အတွက်၄င်း၊ ရန့်တခုအဖြစ် သူအတွက်ဖြစ်ခဲ့သော အလွန်ချစ်မြတ်နိုးခြင်းနှင့် ချစ်ခြင်းမေတ္တာ၏နက်နဲမှုကို မာရိ၌ တွေ့ရှိပုံပေါ်ခဲ့ပါသည်။မာရိသည် သခင်၏ဂုဏ်အင်္ဂါလက္ခာ၏ အနံ့အလျားအမြင့်ကို အခြားသူတို့ပြုလုပ်တာထက်ပို၍ သိသာထင်ရှားစွာအသိအမှတ်ပြုခဲ့ပါသည်။သူမသည် သခင်ထံ၌လေ့လာရန် သခင်၏ခြေတော်၌ထိုင်ရန်ဝမ်းမြောက်ရုံသာမက ကြီးစွာသောအဖိုးအခ၌ သူ၏ချစ်မြတ်နိုးခြင်းနှင့် ချစ်ခြင်းမေတ္တာအားထင်ရှားပြသခြင်းအချို့ကို သူ့အားပေးရန်လည်းဝမ်းမြောက်ပါသည်။

## July 16 (ဇူလိုင် ၁၆)

### ဝိညာဉ်တော်နှင့်ပြည့်စုံလျက်ရှိကြလော့။ (ဧ ၅း၁၈)

ကျွန်ုပ်တို့၏ပြည့်ဝခြင်းပမာဏသည် မိမိအလိုဆန္ဒအား ဘာမျှမရှိအောင်ပြုလုပ်ခြင်းပမာဏနှင့်၄င်း၊ ယုံကြည်ခြင်းနှင့် နာခံခြင်း စိတ်သဘောနှင့်အတူပြည့်ခြင်းပမာဏနှင့်အညီ အပြန်အလှန်ကိုက်ညီမည်ဖြစ်ပါသည်။နေစဉ်အသက်တာ၌ နာခံခြင်းကိုထင်ရှားပြသတာထက် မလုပ်ဆောင်နိုင်သော်လည်း သူ၏ဆက်ကပ်အပ်နှံထားသော လူတို့၌သခင်ဘုရားစေ့စေ့ကြည့်ရှုလျက်ရှိသောနာခံခြင်းမှာ စိတ်နှလုံး၊ အလိုဆန္ဒနှင့် ရည်ရွယ်ချက်၏နာခံခြင်းဖြစ်ပါသည်။အချို့သောသူတို့၏ နှလုံးသားများသည် ဘုရားသခင်၌ပြည့်ဝစွာရှိကြပြီး ဘုရားသခင်အား ကျေနပ်စေနိုင်သော်လည်း၊ သူတို့နှင့်ထိတွေ့ဖို့ရန်လာကြသော သူတို့ထဲမှအချို့တို့အားများစွာကျေနပ်မှုမဖြစ်စေနိုင်ပါ။ လူတွေအထဲတွင်မြင့်မားစွာကြည်ညိုလေးစားခြင်းခံရသော အခြားသူတို့သည်(အပြင်ပိုင်းဆိုင်ရာအကျင့်သိက္ခာတရားကြောင့်)ဘုရားသခင်ရှေ့၌ ရွံရှာဘွယ်သောအရာတခုဖြစ်နိုင်ပါသည်။အဘယ်ကြောင့်ဆိုသော် နှလုံးသားမှအေးစက်ခြင်း(သို့)နှလုံးသားမှ မရိုးဖြောင့်ခြင်းတို့ကြောင့်ဖြစ်ပါသည်။သို့ရာတွင် သူ၌အသစ်သောမျှော်လင့်ချက်၊ အသစ်သောစိတ်သဘောရှိသောသူသည် သူ့ကိုယ်တိုင်အတွက်စင်ကြယ်ခြင်းကို ရှာဖွေလိမ့်မည်ဖြစ်ပါသည်။ သူ၏အတွေးများ၌သာမက သူ၏စကားများ၊ အပြုအမူအကျင့်အကြံများနှင့် သူ၏အငန်းအတာအားလုံး၊ အတွင်းနှင့်အပြင်၌ပါ စင်ကြယ်ခြင်းကို ရှာဖွေမည်ဖြစ်ပါသည်။

## July 17 (ဇူလိုင် ၁၇)

### စိတ်နှလုံးတည်ကြည်သောသူသည် ကိုယ်တော်၌ ခိုလှုံသောကြောင့် ငြိမ်သက်ခြင်း သက်သက်ရှိမည့်အကြောင်းစောင့်ရှောက်တော်မူလိမ့်မည်။ ( ဟေရှာ ၂၆း၃)

လောကီဆိုင်ရာငြိမ်သက်ခြင်းမဟုတ်ပါ။ လစ်လျူရှုခြင်းနှင့် စပ်ဆိုင်သောငြိမ်သက်ခြင်းမဟုတ်ပါ၊ပျင်းရိခြင်းနှင့်စပ်ဆိုင်သော ငြိမ်သက်ခြင်းမဟုတ်ပါ။ ကံကြမ္မာအယူဝါဒ(မဖြစ်ဘဲနေရသည်ဟုသောအယူဝါဒ)နှင့် စပ်ဆိုင်သော ငြိမ်သက်ခြင်းမဟုတ်ပါ။ ခရစ်တော်၏ ငြိမ်သက်ခြင်းဖြစ်ပါသည်။(ငါ၏ငြိမ်သက်ခြင်း)။သခင်

သည်အခြေအနေအားလုံးအောက်၌ ဘုရားသခင်နှင့်အတူ သူ၏ ငြိမ်သက်ခြင်းကို ထိန်းသိမ်းထားခဲ့သည်ကို နောက်ပြန်ကြည့်ခြင်းအားဖြင့် ကျွန်ုပ်တို့ တွေ့မြင်နိုင်ပါသည်။ သူ၏ သစ္စာရှိသောသူတို့အား နာကျင်စေမည့် နည်းလမ်းတစုံတခုမျှ ရှိလိမ့်မည်မဟုတ်သလို၊ ဘုရားသခင်ကို ချစ်သောသူတို့အား ကောင်းဘို့ရန်အတွက်ခပ်သိမ်းသော အရာတို့သည် တညီတညွတ်တည်း လုပ်ဆောင်လျက်ရှိသည်ဟု ဘုရား၏လူတို့အတွက် ပြုလုပ်ထားသောအလွန်မွန်မြတ်သည့် ဂတိတော်များကို သတိရအောက်မေ့သော ငြိမ်သက်ခြင်းနှင့် ဘုရားသခင်၏ ပညာ၊ချစ်ခြင်းမေတ္တာ၊ တရားသဖြင့် စီရင်ခြင်းနှင့် တန်ခိုးတော်အား အကြွင်းမဲ့ခိုလှုံကိုးစားသော ငြိမ်သက်ခြင်းမျိုးဖြစ်ပါသည်။ ဘုရားသခင်၏ ကြည့်ရှုပြုစုတော်မူခြင်းမှ ခွင့်ပြုသောမည်သည့် အရာကိုမဆို သခင်ပေးထားတော်မူသော လုံးဝဥဿုံ ကောင်းကြီးမင်္ဂလာအတွက် ဝမ်းမြောက်စွာမျှော်လင့်ခြင်းနှင့်အတူ မျက်ရည်အားဖြင့် ကြည့်မျှော်နိုင်လျက် ယုံကြည်ခြင်းအားဖြင့် ဤငြိမ်သက်ခြင်းကို လက်ခံနိုင်ပါသည်။ ယခုမျက်မှောက်ငြိမ်သက်ခြင်းနှင့်ဝမ်းမြောက်ခြင်းတို့သည် မြည်းစမ်းခြင်းများသာ ဖြစ်ကြပါသည်။

## July 18 (ဇူလိုင် ၁၈)

**နောင်ကာလသည် ခဲယဉ်းသောကာလဖြစ်သည်ဟု သိမှတ်လော့။ အဘယ်သို့နည်းဟူမူကား လူတို့သည်ကိုယ်ကိုကိုယ်ချစ်သောသူ၊ ငွေကိုတပ်မက်သောသူ၊ ဝါကြွားသောသူ၊ ထောင်လွှားစော်ကားသောသူ၊ သူ့အသရေကို ရှုတ်ချသောသူ၊ မိဘစကားကိုနားမထောင်သောသူ၊ ကျေးဇူးမရှိသောသူ၊ သန့်ရှင်းခြင်းမရှိသောသူ၊ ပကတိကြင်နာစုံမက်ခြင်းနှင့်ကင်းသောသူ၊ ရန်ငြိုးဖွဲ့သောသူ၊ချောစားတတ်သူ၊ ကိုယ်ဣန္ဒြေကို မချုပ်တည်းနိုင်သောသူ၊ ပြင်းထန်သောသူ၊ သူတော်ကောင်းကိုမုန်းသောသူ၊ သစ္စာကို ဖျက်တတ်သောသူ၊ သတိပေးခြင်းကိုမခံသောသူ၊ မာန်မာနနှင့် ယဇ်မူးသောသူ၊ ဘုရားသခင်ကို နှစ်သက်သည်ထက် ကာမဂုဏ်ခံစားခြင်းကိုသာ၍ နှစ်သက်သောသူ၊ ဘုရားဝတ်၌ မွေ့လျော်ယောင်ဆောင်၍ မွေ့လျော်ခြင်းတန်ခိုးကို ငြင်းပယ်သောသူ၊ ဖြစ်ကြလိမ့်မည်။ (၂တိ ၃း၁-၄)**

စစ်မှန်သော ခရစ်ယာန်သည် သေချာမစဉ်းစားမဆင်ခြင်ဘဲ လုပ်ဆောင်သောသူမဟုတ်ပါ။တနည်းအားဖြင့် ဆိုသော် ဘုရားသခင်ထံ သူ၏ ဆက်ကပ်အပ်နှံခြင်းသည် သူ၏ဦးခေါင်းအားဖြတ်ခြင်းဖြစ်သည်ဟု တင်စားလျက်ရည်ညွှန်းပါသည်။ သူသည် သူ၏ဦးခေါင်းကို ဆုံးရှုံးခဲ့ပြီးဖြစ်ပါသည်။ သူ၏အလိုဆန္ဒနှင့် ကိုယ်ကိုကိုယ်ထိန်းချုပ်ခြင်း ခရစ်တော်၏ကိုယ်၌ အင်္ဂါတစ်ခုအဖြစ် သူ့ကိုယ်ကိုအားအပ်နှံခဲ့ကာ ဦးခေါင်း၊ သခင်ယေရှု၏ အပြည့်အဝထိန်းချုပ်မှုအောက်သို့ ရောက်ရှိခဲ့ပါသည်။ ထို့ကြောင့် စစ်မှန်သော ခရစ်ယာန်သည် ဘဝ၏အင်္ဂါအတာအားလုံးတို့၌ (သာယာပျော်ရွှင်ခြင်း၊ ကာမရုဏ်ခံစားခြင်းနှင့်ပတ်သက်၍သော်၎င်း၊ ဝန်များနှင့်စစ်ကြောခြင်းများနှင့်ပတ်သက်၍၎င်း)မည်သို့လုပ်ရမည်၊ မည်သို့ပြောရမည်၊ မည်သည့်အရာလုပ်ရမည်ကို သိရန်နှင့်သူ၏စိတ်နှလုံးမှ အတွေးတိုင်းပင်လျှင် ခရစ်တော်၌ ဘုရားသခင်၏ အလိုတော်နှင့်အညီ ပြည့်ဝစွာညီညွတ်မှု၌ ရှိရန်သူ၏ ဦးခေါင်းထံလမ်းညွှန်မှုအတွက် တောင်းခံပါသည်။

## July 19 (ဇူလိုင် ၁၉)

**ယေရှုကလည်း၊ ထားကိုအိမ်၌သွင်းထားလော့။ ခမည်းတော်သည်ငါ့အားပေးတော်မူသောခွက်ကို ငါမ**

**သောက်ရသလော ဟု ပေတရုအား မိန့်တော်မူ၏ ။ (ယော ၁၈း ၁၁)**

နှိမ့်ချခြင်းသည် ကျွန်ုပ်၏ ချစ်လှစွာသော ရွေးနုတ်ရှင်၏ အမှုဆောင်ခြင်း၌ သေးငယ်သော အင်္ဂါအတာများအားလုံး၌ပင်လျှင်ကြီးစွာထွန်းလင်းခဲ့သည်မဟုတ်ပါလော။ သူ၏ ရန်သူများလက်သို့ သူ၏ လက်မြောက်အရှုံးပေးသည့် အချိန်၌ပင်လျှင် သူ၏လမ်းကြောင်းသည် မိမိအလိုဆန္ဒအလျောက်လုပ်ဆောင်သည့် အရာတခုဖြစ်သည် ဟု သူသည် မဝါကြွားခဲ့ပါ။ မာတုရတဦးအဖြစ် ချီးမွမ်းခြင်းကို မရှာဖွေခဲ့ပါ။ ခမည်းတော်ဘုရားသခင်ထံသူ၏ ကိုယ်ပိုင်သစ္စာရှိမှု၏ သက်သေအထောက်အထားတခုအဖြစ် သူထံမှ ခမည်းတော်သည် တောင်းဆိုခဲ့သည် ဟု ရိုးရှင်းသော သမ္မာတရားကို သူသည်ကြေငြာခဲ့ပါသည်။ သူခံစားခဲ့ရသောအရာများအားဖြင့် နားထောင်ခြင်းကို သင်ယူခဲ့သော သားတဦး၊ ဘုရားသခင်၏ အစေခံကျွန်တဦးဖြစ်သည်ဟု သူကိုယ်တိုင်ဝန်ခံပါသည်။

ဘိသိတ်ခံသူတဦး၏ ကိုယ်မှအင်္ဂါများအဖြစ် ကျွန်ုပ်တို့အား သူသည်ပိုင်ဆိုင်သောကြောင့် ခမည်းတော်ဘုရားသခင်သည် ကျွန်ုပ်တို့၏ အင်္ဂါအတာများ၌ ဦးဆောင်လမ်းပြလျက်ရှိနေသည်ကို သိမှတ်နားလည်ခြင်းတခု ဖြစ်သည်။ ခမည်းတော်ဘုရားသခင်းပေးတော်မူသော ခွက်ကိုသောက်ရန် အလိုဆန္ဒရှိခြင်းနှင့်စပ်ဆိုင်သော၍ အရာထက် သခင်၏နောက်လိုက်များအနေဖြင့် ပိုမို၍လိုအပ်သော အခြားသင်ခန်းစာမရှိပါ။

## July 20 (ဇူလိုင် ၂၀)

**ငါသည် မှန်သောစပျစ်နွယ်ပင်ဖြစ်၏ ငါ့ခမည်းတော်သည်လည်း ဥယျာဉ်စောင့်ဖြစ်တော်မူ၏ ငါ၌အသီးမသီးသော အခက်ရှိသမျှတို့ကို ခုတ်ပစ်တော်မူ၏ အသီးသီးသော အခက်ရှိသမျှတို့ကို သာ၍ သီးစေခြင်းငှါ သုတ်သင်ရှင်းလင်းတော်မူ၏။ (ယော ၁၅း၁-၂)**

အသီးသီးခြင်း၏ သက်သေကိုပေးသော စပျစ်နွယ်ပင်မှ အကောင်းဆုံးအခက်များပင် သုတ်သင်ရှင်းလင်းခြင်းလိုအပ်ပါသည်။ ထိုနည်းတူ ဘုရားသခင်၏ လူတို့မှ အလွန်ရိုးဖြောင့်သေးသူများနှင့် စိတ်အားထက်သန်သော သူတို့ပင်လျှင် ဘုရားသခင်၏ စည်းကမ်းနှင့်ကူညီမစမှုဆိုင်ရာ ဂရုစိုက်ခြင်း လိုအပ်ပါသည်။ သို့မဟုတ်လျှင်မကြာမီ သူတို့သည် သစ်သားပြုလုပ်ခံရခြင်းသို့ ပြေးသွားနိုင်သလို များစွာအသီးကို သီးဖို့ရန် ကျဆင်းနိုင်ပါသည်။ဘုရားသခင်၏ အလိုတော်ထဲသို့ သူ၏အလိုဆန္ဒကို အပြည့်အဝနှစ်မြုပ်ခဲ့ပြီးသော ဘုရားသခင်၏ စစ်မှန်သောသားသမီးတို့သည် ဤသုတ်သင်ရှင်းလင်းခြင်းအားဖြင့် စိတ်ဆိုးခြင်းမရှိသလို စိတ်လည်းမပျက်ပါ ။ အနည်းဆုံးတော့ သူ၏ကိုယ်ပိုင် ဉာဏ်ပညာမဲ့ခြင်းအရာ အချို့ကို သင်ယူခဲ့ပြီး ကြီးစွာသော ဥယျာဉ်မှူး၏ ပညာ၌ ယုံကြည်စိတ်ချမှု သူ့မှာရှိလာမည်ဖြစ်ပါသည်။

ဦးတည်ချက်အချို့၌ သူ၏ အားထုတ်မှုများကို ဘုရားသခင်၏ မစကူညီစောင့်ရှောက်မှုသည် တားဆီးကာ ကွယ်သောအခါ ဘုရားသခင်၏ အလိုတော်နှင့်ဘုရားသခင်၏ နည်းလမ်းတို့သည်အကောင်းဆုံးဖြစ်ပြီးကောင်းကြီးမင်္ဂလာတခုဖြစ်ပေါ်စေရန် ရည်ရွယ်ထားသည်ဟု စိတ်ချလျက် သူသည်သူ၏အစီအစဉ်အား ဖျက်ဆီးခံရခြင်းကို ဝမ်းမြောက်စွာ လက်ခံပါသည်။

## July 21 (ဇူလိုင် ၂၁)

**သမ္မာတရားဘက်၍ သက်သေခံခြင်းမှာ ငါသည် မွေးဖွားခြင်းကိုခံ၍ ဤလောကသို့ ကြွလာပြီ။ သမ္မာတရားနှင့်စပ်ဆိုင်သမျှသော သူတို့သည် ငါ့စကားကို နားထောင်ကြသည်ဟု မိန့်တော်မူ၏။(ယော ၁၈း၃၇)**

စာတန်အားဖြင့် ဉာဏ်မျက်စိကွယ်ထားခြင်းခံကြရသော သူတို့၏ ဆန့်ကျင်ခြင်းအား သူ့အပေါ်သို့ သက်ရောက်စေရခြင်းမှာ သမ္မာတရားအတွက် ကျွန်ုပ်တို့သခင်၏ သစ္စာရှိခြင်းကြောင့်ဖြစ်ပါသည်။ သူ့ဘဝတ သက်တာကို အနစ်နာခံဆုံးရှုံး (ပေးဆပ်)ခံလျက် သမ္မာတရားအတွက် သူ၏သက်သေခံခြင်းဖြစ်ပါသည်။ ရွေးနှုတ်ခြင်းအဖိုးအခကို တည်ဆောက်ခဲ့သော သမ္မာတရားကို ခုခံကာကွယ်ခြင်း၌ သူ၏ဘဝတသက်တာကိုပေးဆပ်ခဲ့ခြင်းဖြစ်ပါသည်။ ထိုနည်းတူ သခင်၏နောက်တော်သို့ လိုက်ကြသောသူအားလုံးတို့သည် (ဘုရားသခင်၏ ဂုဏ်အင်္ဂါနှင့် အကြံအစည်နှင့် ပတ်သက်သောသမ္မာတရား) သမ္မာတရားအား သက်သေခံခြင်းကို သယ်ဆောင်ကြရမည်ဖြစ်ပါသည်။ ယေရှုခရစ်အားဖြင့် အသက်ရှင်ခြင်း လက္ခဏာ၊ သန့်ရှင်းခြင်းလက္ခဏာ၊ ဘုရားသခင်နှစ်သက်တော်မူဘွယ်သော လက္ခဏာနှင့် သူတို့ကိုယ်ကို ဆက်သခြင်း၌ သခင်ယေရှု၏ စစ်မှန်သော နောက်လိုက်အားလုံးတို့သည် သူတို့၏ဘဝ အသက်တာများကို ပေးဆပ်ရသည့် သမ္မာတရားအတွက် သက်သေခံခြင်းကဲ့သို့ဖြစ်ပါသည်။ နိုင်ငံတော်၏ အသက်၏အရှင်သခင်နှင့်အတူ အမွေခံသောသူတစ်ဦးဖြစ်ရန် မျှော်လင့်သောသူအယောက်တိုင်း သမ္မာတရားကို သက်သေခံကြပါစို့။ ဘုန်းအသရေ၌ နိုင်ငံတော်နှင့် ၎င်း၏အုတ်မြစ်၊၎င်း၏တည်ဆောက်ပုံနှင့်ပတ်သက်၍ ကောင်းသော ဝန်ခံခြင်းတစ်ခုဖြစ်ပါသည်။

## July 22 (ဇူလိုင် ၂၂)

**ထာဝရဘုရားသည် ကျိုးပဲ့သော စိတ်ရှိသောသူတို့နှင့် နှလုံးကြေကွဲသော သူတို့ကို နီးတော်မူ၏။နောင်တရှိ၍ စိတ်နှိမ့်ချသော သူတို့ကိုလည်း ကယ်တင်တော်မူ၏ ။ဖြောင့်မတ်သောသူသည်များစွာသော ဒုက္ခ ဆင်းရဲကို ခံရသောလည်း ထာဝရဘုရားသည် ခပ်သိမ်းသော ဒုက္ခဆင်းရဲထဲက ကယ်လွှတ်တော်မူ၏။ (ဆာ ၃၄း၁၈၊၁၉)**

**ဖြောင့်မတ်သောသူသည် ခုနှစ်ကြိမ်လဲသော်လည်း ထပြန်လိမ့်မည်။ (သု ၂၄း၁၆)**

ပြုပြင်၍မရနိုင်အောင်ဖြစ်သော မှားယွင်းသည့်အပြုအမူတစ်ခုကို ကျူးလွန်ခဲ့သည်ကို ကျွန်ုပ်တို့တွေ့ရှိသည့် မည်သည့်အချိန်အခါ၌ မဆိုသခင်ဘုရားသည် ကျွန်ုပ်တို့အားကြိုတင်ပြောဆိုခဲ့သည့်အတိုင်း ယင်းအမှားသည် စိတ်ပျက်မှုများကို ဆောင်ယူလာရန် ကျွန်ုပ်တို့မျှော်လင့်နိုင်ပါသည်။ သို့သော် နှလုံးသားထဲမှ နောင်တရခြင်းနှင့် စပ်ဆိုင်သောလမ်း၌ ကောင်းကြီးမင်္ဂလာအချို့တို့ကိုလည်း ဆောင်ယူရန်သူသည် ခွင့်ပြုနိုင်ပါသည်။ ဘုရားသခင်ထံ နှိမ့်ချခြင်းကြီးစွာသော စိတ်အားထက်သန်ခြင်းနှင့် အနာဂတ်အတွက် စောင့်ကြည့်ခြင်းနှင့် သစ္စာရှိခြင်းတို့ကို ယူဆောင်လာနိုင်ပါသည်။ ထိုကြောင့် ဘဝအသက်တာမှ အယောင်ယောင် အမှားမှား ပြုမိသောအမှားအချို့တို့ပင်လျှင် ကျေးဇူးတော်နှင့် သမ္မာတရားနှင့် စပ်ဆိုင်သော မြင့်မားသည့် အဆင့်များသို့ တက်လှမ်းသော လှေကားထစ်များ ဖြစ်လာနိုင်ပါသည်။

## July 23 (ဇူလိုင် ၂၃)

**မိမိလူတို့ကို မပြုစုထိုမျှမက မိမိအိမ်သူ အိမ်သားတို့ကို မပြုစုသော သူမည်သည်ကား ယုံကြည်ခြင်းတရားကိုငြင်းပယ်၏ မယုံကြည်ဘူးသော သူထက်သာ၍ ယုတ်မာ၏။ (၁ တိ ၅း၈)**

ယုံကြည်ခြင်းတွင် ချစ်ခြင်းမေတ္တာ ၊ စာနာနားလည်ခြင်းနှင့် အခြားသူတို့အားရင်း၊ အထူးသဖြင့် ယုံကြည်ခြင်း အိမ်သူအိမ်သားတို့အား စိတ်ဝင်စားမှုရှိခြင်း၊ ဂရုစိုက်ခြင်းနှင့် စပ်ဆိုင်သော အတွေးများ ပါဝင်သည်။ ဆင်းရဲဒုက္ခထဲ၌ သူကိုယ်တိုင်ပြင်းထန်စွာခံစားနေရသော အချိန်၌ပင်လျှင် အခြားသောသူတို့အတွက် စိတ်ဝင်စားဂရုပြုခြင်း၌ စဉ်းစားလျက်ရှိသော သူ့ကိုတွေ့ရှိရန် ဤနှုတ်ကပတ်တော်သည် ကျွန်ုပ်တို့သခင်၏ စာနာနားလည်သော သဘောသဘာဝအတွင်းထဲသို့ နားလည်မှုတစ်ခုကို မည်မျှလောက် ကျွန်ုပ်တို့အားပေးနေသည်မဟုတ်ပါလော။သူ၏ပြင်းထန်သော ဝေဒနာသည် သူ၏မိခင်ကို စဉ်းစားပေးခြင်းမှ သူ့အား မဟန့်တားခဲ့ပါ။ ယောဟန်အား ရွေးချယ်ခြင်းကို ကျွန်ုပ်တို့သတိပြုမိကြပါသည်။ (သူ့မိခင်အားစောင့်ရှောက်ဖို့ရန်) ပထမဦးစွာ သူ၏ချစ်ခြင်းမေတ္တာ ချစ်ခင်ကြင်နာသော စရိုက်လက္ခဏာကြောင့်ရင်း၊ ဒုတိယအနေဖြင့် သခင်နှင့်သမ္မာတရားအတွက် သူ၏စိတ်အားထက်သန်ခြင်းကြောင့်ရင်း၊ တတိယအချက်အနေဖြင့် သူ၏ဘဝအသက်တာတွင် အန္တရာယ်ရှိနိုင်သောအခြေအနေ၌ပင် သူ၏သခင်၏နောက်ဆုံးအချိန်နာရီများ၌ သေတော့မည့်ဆဲဆဲဖြစ်နေသော သခင်နှင့်အတူ အနီးကပ်ရှိနိုင်သောအခြေအနေ၌ သူ၏ရဲရင့်ခြင်းကြောင့်ဖြစ်သည်မှာ သံသယရှိစရာမရှိပါ။ သခင်ဘုရားနှစ်သက်တော်မူသော အရာများအဖြစ် ဤစရိုက်လက္ခဏာများကို ကျွန်ုပ်တို့သတိပြုကြပါစို့။ ၎င်းတို့ကို ဂရုပြုလျက် ကျွန်ုပ်တို့အသက်တာထဲ၌ ထိုအရာများကို ဖွံ့ဖြိုးတိုးတက်စေနိုင်ပါသည်။ ဤသခင်အားဖြင့်သာလျှင် အမှုတော်အတွက် အထူးအခွင့်အလန်းများကို အပ်နှံခြင်းခံရမည်ဖြစ်ပါသည်။

## July 24 (ဇူလိုင် ၂၄)

**သူတော်ကောင်းဆုတောင်း၍ အရှိန်ကြီးသောပဌနာသည် အလွန်တန်ခိုးပါ၏။ (ယာ ၅း၁၆)**

ဆုတောင်းခြင်း၌ ဘုရားသခင်နှင့်အတူ မိဿဟာရဖွဲ့ခြင်းသည် ကျွန်ုပ်တို့၏ အငန်းအတာများကို ဘုရားသခင်၏ စောင့်ထိန်းကြည့်ရှုမှု၌ ယုံကြည်စိတ်ချမှုကို တိုးပွားစေခြင်း၊ သူ၏ နှုတ်ကပတ်တော်ထဲမှ အလွန်ကြီးမြတ်တော်မူသော ကတိတော်များအားလုံး၌ ယုံကြည်ခြင်းကို တိုးပွားစေခြင်း၊ အတိတ်နှင့်ယခုကာလ၌ သူ၏ဦးဆောင်လမ်းပြခြင်းများနှင့် စပ်ဆိုင်၍ သိမှတ်နားလည်ခြင်းကို တိုးပွားစေခြင်း၊ ခရစ်တော်၌ ညီအစ်ကိုများအားလုံးတို့အတွက် ချစ်ခြင်းမေတ္တာကို တိုးပွားစေခြင်း၊ သူတို့၏ကောင်းမွန်သောအခြေအနေနှင့် ဝိညာဉ်ပိုင်းမှုဆိုင်ရာ တိုးတက်မှုအတွက် စိုးရိမ်ကြောင့်ကြမှု တိုးပွားစေခြင်းကို ယူဆောင်ပါသည်။ဘုရားသခင်နှင့် စပ်လျဉ်း၍ သော်လည်းကောင်း၊ ညီအစ်ကိုများနှင့် စပ်လျဉ်း၍သော်ရင်း၊ လူအပေါင်းတို့နှင့် စပ်လျဉ်း၍သော်ရင်း ဝိညာဉ်ရေးရာတိုးတက်ခြင်း နှင့် ဝိညာဉ်တော်အသီး၌ တိုးတက်ခြင်းနှင့်အတူ ဆုတောင်းခြင်းအား နီးကပ်စွာ သက်သေပြနိုင်ပါသည်။

## July 25 (ဇူလိုင် ၂၅)

**ပညတ်တရားကိုထားပိုင်သောသူ၊ စစ်ကြောစီရင်ပိုင်သောသူတစ်ပါးတည်းရှိတော်မူ၏။ ထိုသူသည် ကယ်တင်ခြင်းငှာရင်း၊ ဖျက်ဆီးခြင်းငှာရင်းတတ်နိုင်တော်မူ၏။ သူတပါးကိုစစ်ကြောစီရင်သော သင်သည် ကားအဘယ်သူနည်း။ (ယာ ၄း၁၂)**

နှလုံးသားကို ဖတ်နိုင်သောသူ၊ တွန်းလှန်အောင်မြင်ရမည့် အားနည်းချက်များ စစ်ဆေးခြင်းများနှင့် အခြေအနေအားလုံးတို့ကို သိနိုင်သော သင့်လျော်စွာစီရင်နိုင်သောသူ သခင်မှတပါး လောကမှဖြစ်စေ ညီအစ်ကို များမှ ဖြစ်စေသူ့အား မစီရင်နိုင်ဟုတမန်တော် ရှင်ပေါလုသည် တစ်နေရာ၌ ပြောဆိုခဲ့သောအရာသည် ဤအတွေးနှင့်အတူ ညီညွတ်မှု၌ ရှိပါသည်။ "ငါကိုယ်ငါမစီရင်" ဟူ၍ပင်ပြောဆိုခဲ့ပါသည်။ (၁ကော ၄း၃) ဘုရားသခင်၏သားသမီးများအဖြစ် တာဝန်ကျေပြွန်စွာလျှောက်လှမ်းနေသည်ဟု အခိုင်အမာပြောဆိုကြသောသူ တို့ကိုရင်း၊ တူညီသောအခြေအနေအောက်၌ ကျွန်ုပ်တို့ကိုယ်ကိုပင် တရားမစီရင်ခြင်းသည် အလွန်ကောင်း သော အစီအစဉ်တစ်ခုဖြစ်ပါသည်။ ကောင်းကင်ဘုံဆိုင်ရာ ကျေးဇူးတော်များကို တိုးတက်ဖို့ရန်နှင့် ကျွန်ုပ်တို့ သခင်အား အစေခံရန်အတွက် ကျွန်ုပ်တို့တတ်နိုင်သည့်အတိုင်း အကောင်းဆုံးလုပ်ဆောင်လျက် ရလာဒ်အား လုံးတို့အား ဘုရားသခင်နှင့်အတူထားကာ ကျွန်ုပ်တို့သည် တစ်ရက်ပြီးတစ်ရက် ရိုးရှင်းစွာ ကြိုးစားအားထုတ်သင့် ပါသည်။

## July 26 (ဇူလိုင် ၂၆)

**အကြင်သူသည် အောင်မြင်၏။ ဝှက်ထားသော မန္နကိုရင်း၊ ကျောက်ဖြူလက်ဖွဲ့ကိုရင်း ထိုကျောက်ပေါ် ၌ အက္ခရာတင်သော နာမအသစ်ကိုရင်း၊ ထိုသူအား ငါပေးမည် ၊ ထိုကျောက်ကို ရသောသူမှတပါး အဘယ်သူ မျှ ထိုနာမကို မသိနိုင်ရာ။ (ဗျာ ၂ း၁၇)**

အောင်မြင်သောသူတို့သည် အခြားအရာအားလုံးတို့ကို ဘုရားသခင်အတွက် ယဇ်ပူဇော်ကြလိမ့်မည့် သူများအဖြစ်ရင်း၊ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာနှင့် ကျေးဇူးပြုခြင်းကို ဆက်လက်ထိန်းသိမ်းထားရန်အလို့ ငှာ လိုအပ်မည်ဆိုလျှင် အခြားတည်ရှိခြင်းနှင့် စပ်ဆိုင်သော ချစ်ခြင်းမေတ္တာ၊ မိဿဟာရဖွဲ့ခြင်းနှင့် သဘောတူ ညီမှုတိုင်းကို ယဇ်ပူဇော်ကြလိမ့်မည့်သူများအဖြစ်ရင်း၊ သက်သေပြကြရမည် ဖြစ်ပါသည်။ ဤစစ်ဆေးခြင်းသည် ဆက်ကပ်အပ်နှံထားသော ဘုရားသခင်၏ လူတို့ထံသို့ နီးသထက်နီးကာနေ့စဉ် ရောက်ရှိလာနေသည်ကို ကျွန်ုပ်တို့ယုံကြည်ပါသည်။

၎င်းသည် ကျွန်ုပ်တို့အား စစ်ကြောခြင်း အစိတ်အပိုင်းထဲမှ တစ်ခုဖြစ်ပြီး ကျွန်ုပ်တို့၏ ခံစားမှုများကို ကောင်းကင်ဘုံဆိုင်ရာအရာများအပေါ်၌ ထားရန်နှင့် ကျွန်ုပ်တို့၏ခံစားမှုများ၌ ဘုရားသခင်နှင့်အတူ ပြိုင်ဆိုင်မှုထဲသို့ ဆောင်ယူလိမ့်မည်ဖြစ်သော မြေကြီးဆိုင်ရာ ဖြစ်တည်ခြင်းများ၊ မြေကြီးဆိုင်ရာအရာများသို့ ဦးတည်သော ခံစားမှုများအားလုံးကို သေစေရန်ဖြစ်သောအရာကို အောက်မေ့သတိရရန် ကျွန်ုပ်တို့ တစ်ယောက်စီတိုင်းအား လုပ်ဆောင်ပေးပါသည်။

## July 27 (ဇူလိုင် ၂၇)

**ဘုရားသခင်၏ ဘာသာမှတပါး အခြားသောအမှုတွင် ဒံယေလ၌ အပြစ်တင်ခွင့်ကို ငါတို့မတွေ့နိုင်ကြဟု တိုင်ပင်ပြောဆိုပြီးမှ။ (ဒံ ၆ း၅)**

ဒံယေလကဲ့သို့ အားလုံးတို့သည် လမ်းညွှန်၊လမ်းပြသောသူများမဟုတ်သလို သူဖြစ်ခဲ့သည့်အတိုင်း ရှုပါရုံများ၊ ဖွင့်ပြခြင်းများနှင့် အနက်ပြန်ခြင်းတို့ကိုပေးအပ်ခြင်း မခံရပါ။ သို့သော်လည်း ဖြောင့်မတ်ခြင်းနှင့်စပ်ဆိုင်သော အခြေခံနိယာမများကို နှစ်သက်သောတူညီသည့်စိတ် ဝိညာဉ်ကို ရရှိကြမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့အတွက် ပုံသက်သေတစ်ခုကို ထားခဲ့သောသူ၏ (ကျွန်ုပ်တို့၏ ဒံယေလ၊ ကျွန်ုပ်တို့၏ခေါင်းဆောင် ၊ ကျွန်ုပ်တို့၏ သခင်ယေရှု) ခြေတော်ရာများ၌လျှောက်ရန် သူတို့သည်ရှာဖွေကြသည့်အတိုင်း လမ်းကျဉ်းအားဖြင့် တဆင့်ပြီးတဆင့် ဘုရားသခင်၏ ကြည့်ရှုစောင့်ထိန်းမှုအောက်၌ သူတို့၏ ချစ်ခင်နှစ်သက်မှုတို့မှာ စစ်ဆေးခြင်း ခံရလိမ့်မည် ဖြစ်ပါသည်။ ထို့ကြောင့် ခရစ်ယာန်၏ နာမ(အမည်)ကို မှည့်ခဲ့ကြသောသူ အားလုံးတို့သည် အဓမ္မအမှုမှ ခွဲခွာကြပါစို့။ ထိုကဲ့သို့ သစ္စာရှိကြပါစို့။ ဒံယေလတစ်ဦးဖြစ်ရန် သတ္တိရှိပါ ၊ ရဲဝံ့ပါ။

## July 28 (ဇူလိုင် ၂၈)

**ဖြောင့်မတ်ခြင်းတရားကြောင့် ဆင်းရဲခံရလျှင်မူကား မင်္ဂလာရှိကြ၏။ ( ၁ပေ ၃ း ၁၄)**

သမ္မာတရားအပေါ် တိုက်ရိုက်သော်၎င်း (သို့) သွယ်ဝိုက်၍သော်၎င်း ကျွန်ုပ်တို့၏ သစ္စာရှိခြင်းကြောင့်မုန်းတီးခံရသောအခါ၌သာလျှင် ဖြစ်ပါသည်။ ဖြောင့်မတ်ခြင်းတရားကြောင့် ကျွန်ုပ်တို့သည် ဆင်းရဲခံနေကြရခြင်းဖြစ်သည်ဟု စဉ်းစားရန်၊ ထိုအထဲ၌ ကျေနပ်မှုကို ကျွန်ုပ်တို့သည် ယူကြရမည်ဖြစ်ပါသည်။တမန်တော်မှညွှန်ပြသည့်အတိုင်း ဒုစရိုက်ကို ပြုသောအမှုအရာများ၌၎င်း၊ အခြားလူတို့၏ အမှုအရာများ၌ရောထွေးသူများအဖြစ်၎င်း (သို့) နူးညံ့သိမ်မွေ့ခြင်းမရှိသောကြောင့်၎င်း၊ မယဉ်ကျေးခြင်းကြောင့်၎င်း (သို့)ဘုရားသခင်၏ နှုတ်ကပတ်တော်မှသတိပေးထားသော အသင့်အတင့် (မလွန်ကျူးခြင်း) နှင့်စပ်ဆိုင်သော အသိပညာမရှိခြင်းကြောင့်၎င်း၊ အချို့သောသူတို့သည် ဆင်းရဲခံကြရပါသည်။

ဘုရားသခင်နှင့်စပ်ဆိုင်သော သဘောတူညီမှုရှိရန် ဘုရားသခင်၏ အလိုတော်ကို လေ့လာရန်သာမက၊ ကျွန်ုပ်တို့အားဝန်းရံလျက်ရှိသော အခြေအနေများနှင့် အဖြစ်အပျက်များကို ကောင်းစွာဆင်ခြင်တွေးတောကြံရမည်ဖြစ်ပြီး၊ ဒုတိယအနေဖြင့် အခြားသူတို့အတွက် အနည်းငယ်စိတ်ကသိကအောက်ဖြစ်ခြင်း၊ စိတ်အနောက်အယှက်ဖြစ်ခြင်းကို ဖြစ်နိုင်သကဲ့သို့ ဖြစ်ပေါ်စေသော်လည်း ဘုရားသခင်၏ ကြီးကြပ်လျက်ရှိသော ပညာနှင့်စောင့်ထိန်းမစခြင်းအပေါ် ယုံကြည်စိတ်ချစွာ ခိုလှုံရန်သည် ဘဝအသက်တာ၌ သင့်တင့်သောလမ်းကြောင်းကိုခံယူကျင့်သုံးရန်အတွက် ရှာဖွေရန်ပထမလိုအပ်ပါသည်။

## July 29 (ဇူလိုင် ၂၉)

**ကျွန်ုပ်တို့ ကိုးကွယ်သောဘုရားသခင်သည် မီးလောင်လျက်ရှိသော မီးဖိုထဲက အကျွန်ုပ်တို့ကို ကယ်လွှတ်နိုင်တော်မူ၏။ ကိုယ်တော်၏လက်မှလည်း ကယ်လွှတ်တော်မူလိမ့်မည်။ (ဒံ ၃း၁၇)**

ဘုရားသခင်၏ မစခြင်းများသည် ကွဲပြားခြားနားပါသည်။ ဘုရားသခင်၏ လူတို့သည်သူတို့အတွက် ဘုရားသခင်နှင့်ဆိုင်သော ကျေးဇူးပြုခြင်းအား ထင်ရှားပြသခြင်းမရှိဘဲ သူတို့ရန်သူတို့၏အလိုဆန္ဒသို့ သူတို့သည် ထင်ရှားစွာ ရောက်ရှိမည့်အချိန်နှင့် အံ့ဩဘွယ်လွှတ်မြောက်ခြင်းများရောက်ရှိလာမည့်အချိန်ကို ဆုံးဖြတ်ရန်မဟုတ်ပါ။ တခါတရံ သမ္မာတရားကိုကြေငြာရန် လွတ်လပ်မှုအားကန့်သတ်ခံရပြီးချည်နှောင်ခြင်းခံကြရသော ဘုရားသခင်၏လူတို့သည် ဟေဗြဲလူ သုံးဦးတို့အား ပြုခဲ့သကဲ့သို့တွေ့ရှိကြပါသည်။ကြိုးများကို မီးလောင်စေလျက် သူတို့အားလွတ်မြောက်စေကာ အခြားမည်သည့်လမ်းကြောင်းအားဖြင့်မဆို သူတို့ရနိုင်ခဲ့တာထက်သာပြီး ကျွန်ုပ်တို့ဘုရားသခင်၏ ဘုန်းတော်ကို သက်သေခံရန်ကြီးစွာသော အခွင့်အလန်း သူတို့အားအမှန်တကယ်ပေးခဲ့ပါသည်။

ထို့ကြောင့်ကျွန်ုပ်တို့ကိုယ်တိုင်နှင့်ပတ်သက်၍ ဘုရားသခင်နှင့်ဆိုင်သာမစမှုသည်မည်ကဲ့သို့ဖြစ်လိမ့်မည်ဆိုတာကို ကျွန်ုပ်တို့အတွက် ကြိုတင်ဆုံးဖြတ်ဖို့မဟုတ်ပါ။ ကျွန်ုပ်တို့သည် လုပ်ပိုင်ခွင့်နှင့် တာဝန်၏အဓိကလိုရင်းကို သတိပြုလျက် ဘုရားသခင်အားအကြွင်းမဲ့ယုံကြည်ကိုးစားကြဖို့ရန်ဖြစ်ပါသည်။

## July 30 (ဇူလိုင် ၃၀)

**စပျစ်နွယ်ပင်တိုကို ဖျက်လတ့်သော မြေခွေးများနှင့် မြေခွေးကလေးများကို ငါတို့ဘို့ဘမ်းကြလော့။ (ရှောလမုန်သီချင်း ၂း၁၅)**

ယေဘုယျအားဖြင့် ဂရုတစိုက်သတိမူအသက်ရှင်ခြင်းသည် ဤလောက၏အသက်နှင့်မည်မျှလောက်ကွာခြင်း၍မည်မျှလောက်အသုံးဝင်ပါမည်နည်းဟု ပြောဆိုလျက်များစွာသော သူတို့သည် သူတို့၏ဆက်ကပ်အပ်နှံခြင်း ပဋိညာဉ်ကို အနည်းငယ်ချိုးဖောက်ခြင်းများ၌ သူတို့ကိုယ်ကို အလေးမထား အားမထုတ်လျော့ရဲစွာပြုမူဆက်ဆံကြပါသည်။ ၎င်း၌ ကြီးစွာသောအသုံးဝင်ခြင်းရှိပါသည်။ သေးငယ်သောအမှုအရာများ၌အောင်မြင်သော သူတို့အတွက် ကြီးသောအမှုအရာများအတွက် ပြင်ဆင်ကာ ပြုလုပ်စေပါသည်။ တနည်းအားဖြင့်ဆိုသော် သေးငယ်သောအမှုအရာများ၌ ဇာတိ၏အလိုဆန္ဒကို ငြင်းပယ်ခြင်းသည် အပြည့်အစုံတခုလုံးကဲ့သို့တိုက်ပွဲ၌ အမှန်တကယ်အောင်မြင်ခြင်းကို ဆိုလိုပါသည်။

ခရစ်တော်၌ အသစ်သောသတ္တဝါများ ဖြစ်လာခဲ့ကြသောကျွန်ုပ်တို့သည် စစ်ဆေးခြင်းခံကြရမည်သူများဖြစ်ကြသည်ကို သိလျက် (ကျွန်ုပ်တို့၏စစ်ဆေးခြင်းများမစတင်ခဲ့ရသေးသော်) ဘဝအသက်တာမှသေးငယ်သောအမှုများ၌ ကိုယ့်ကိုကိုငြင်းပယ်ခြင်းကို ကျွန်ုပ်တို့လက်တွေ့ကျင်လည်လျက် အစားအစာ၊ အဝတ်၊ ပြုမူလုပ်ဆောင်ခြင်း. . . စသဖြင့်. . တို့နှင့်ပတ်သက်၍ ကျွန်ုပ်တို့ ဇာတိ၏ သဘောသဘာဝဆိုင်ရာ ပြင်းပြမှုများကိုသေစေခြင်းအားဖြင့်သာလျှင် ကျွန်ုပ်တို့သည် ဝိညာဉ်ပိုင်းဆိုင်ရာ၌ သန်စွမ်းလာကြမည်ဖြစ်ပြီး အောင်မြင်သောသူများဖြစ်လာနိုင်မည်ကို နားလည်သိမှတ်သင့်ပါသည်။